# ကမ္ဘာ့ဘဏ်

၁။ ကမ္ဘာ့ဘဏ်သည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ အခြေခံအဆောက်အဦးများအတွက် ပိုက်ဆံချေးခြင်းနှင့် အခြားအကူအညီများပေးခြင်းပြုလုပ်သော နိုင်ငံတကာဘဏ် ဖြစ်သည်။ ၎င်း၏ရည်ရွယ်ချက်မှာ ဆင်းရဲမွဲတေမှုကို လျှော့ချရန်ဖြစ်သည်။ ကမ္ဘာ့ဘဏ်တွင် ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးနိုင်ငံတကာဘဏ် (International Bank for Reconstruction and Development) နှင့် အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအသင်း (International Development Association) ဟူ၍ အဖွဲ့အစည်းနှစ်ခုပါဝင်သည်။

၂။ ကမ္ဘာ့ဘဏ်ကို ၁၉၄၅ခုနှစ်၊ ဒီဇင်ဘာလတွင် Bretton Woods ၌ ကျင်းပခဲ့သော ကုလသမဂ္ဂငွေကြေးရံပုံငွေနှင့် ဘဏ္ဍာရေးဆိုင်ရာညီလာခံတွင် တည်ထောင်ခဲ့သည်။ ထိုညီလာခံကို နိုင်ငံများစွာမှ တက်ရောက်ခဲ့ကြပြီး ညှိနှိုင်းမှုများစွာ ပြုလုပ်နိုင်သော အင်အားကြီးနိုင်ငံများမှာ အမေရိကန်နိုင်ငံနှင့် ဗြိတိသျှနိုင်ငံတို့ ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် ဝါရှင်တန်တွင် အခြေစိုက်ပြီး ၁၉၄၆ခုနှစ်၊ ဇွန်လတွင် စတင်လည်ပတ်ခဲ့ပြီး ဒုတိယကမ္ဘာစစ်ကြောင့် ပျက်စီးခဲ့သော နိုင်ငံများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကူညီပေးခဲ့သည်။ ၁၉၆၀ပြည့်နှစ်များမှစ၍ စက်မှုနိုင်ငံများကို ကူညီပေးရာမှ ဖွံ့ဖြိုးဆဲနိုင်ငံများကို ပြောင်းလဲကူညီပေးခဲ့သည်။ ကမ္ဘာ့ဘဏ်သည် အဖွဲ့ဝင်နိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးတိုးတက်ဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ချေးငွေများ ထုတ်ပေးခြင်းဖြင့် အဓိကအခန်းကဏ္ဍမှ ဆောင်ရွက်ပေးလျက်ရှိသည်။ ကမ္ဘာ့ဘဏ်သည် ၅နှစ်မှ နှစ်၂၀ကြာသော ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းအမျိုးမျိုး အတွက် ရေရှည်ချေးငွေများ ထုတ်ပေးလျက်ရှိသည်။

## ရည်မှန်းချက်များ

၃။ ကမ္ဘာ့ဘဏ်၏ရည်မှန်းချက်များမှာ -

(က) စီးပွားရေးပြန်လည်ထူထောင်ရေးနှင့်ဖွံ့ဖြိုးရေးအတွက် အဖွဲ့ဝင်နိုင်ငံများ အား ကာလရှည်ချေးငွေပေးရန်

(ခ) ရေရှည်ရင်းနှီးမြှုပ်နှံမှုအတွက် တိုက်တွန်းရန်

(ဂ) ချေးငွေအနည်းအများပမာဏတိုင်းနှင့် အဖွဲ့ဝင်နိုင်ငံများ၏ စီမံကိန်းများအတွက် အာမခံချက်ပေးရန်

(ဃ) ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကိုဖော်ဆောင်ရာတွင် သေချာမှုရှိစေရန်

(င) ပုဂ္ဂလိကချေးငွေများအပေါ် အာမခံချက်ထားရှိပေးခြင်း၊ အာမခံထားပြီးသော်လည်း ပုဂ္ဂလိကချေးငွေမရရှိပါက ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးနိုင်ငံတကာဘဏ်မှ ငွေချေးပေးခြင်းဖြင့် အဖွဲ့ဝင်နိုင်ငံများတွင် ငွေကြေးရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရန်

## ဦးဆောင်သူများ

၄။ ယခုကမ္ဘာ့ဘဏ်ဥက္ကဋ္ဌမှာ ရောဘတ်ဇူဝဲလ်လစ်ဖြစ်ပြီး ၎င်းသည် ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေးများကို ဦးဆောင်မှုနှင့် ဘဏ်လုပ်ငန်းစဉ်များအတွက် တာဝန်ရှိသည်။ ဘဏ်ဥက္ကဋ္ဌသည် အမြဲတမ်းပင် အမေရိကန်နိုင်ငံသားဖြစ်ပြီး အများဆုံးငွေရင်းစိုက်ထုတ်သူဖြစ်သော အမေရိကန်နိုင်ငံကသာ ရွေးချယ်သည်။ ထို့နောက် အုပ်ချုပ်မှုအဖွဲ့မှ အတည်ပြုခန့်အပ်သည်။ ၎င်းသည် ငါးနှစ်သက်တမ်းအတွက် ဖြစ်ပြီး နောက်ထပ်လည်း အရွေးခံနိုင်သည်။

၅။ အမှုဆောင်ညွှန်ကြားရေးမှူးများသည် သက်ဆိုင်ရာကမ္ဘာ့ဘဏ် အဖွဲ့ဝင်နိုင်ငံများကို ကိုယ်စားပြုသည်။ ထို့နောက် ဒါရိုက်တာဘုတ်အဖွဲ့ ဖွဲ့စည်းကာ သီတင်းတစ်ပတ်လျှင် နှစ်ကြိမ်ကျ အစည်းအဝေးပြုလုပ်ကာ ဘဏ်ချေးငွေများ အတည်ပြုပေးခြင်း၊ မူဝါဒသစ်များ ချမှတ်ခြင်း၊ နိုင်ငံများသို့ ကူညီရန် နည်းလမ်းရှာဖွေခြင်းနှင့် အခြားအရေးကြီးအကြောင်းအရာများကို ဆွေးနွေးကြသည်။ ဘဏ်တွင် အမှုဆောင်ဒုဥက္ကဋ္ဌ (၂) ဦး၊ အကြီးတန်းဒုဥက္ကဋ္ဌ (၃) ဦးနှင့်ဒုဥက္ကဋ္ဌ (၂၄) ဦး ရှိသည်။

## အခြေခံအဆောက်အဦညှိနှိုင်းမှု

၆။ ဆင်းရဲသောနိုင်ငံများအတွက် အခြေခံအဆောက်အဦညှိနှိုင်းမှု၏ အကျိုးဆက်သည်လည်း အထူးဝေဖန်ခံရသောကမ္ဘာ့ဘဏ်၏မူဝါဒ ဖြစ်သည်။ ၁၉၇၀ နှောင်းပိုင်းလောင်စာဆီအကျပ်အတည်းသည် နိုင်ငံအများအပြားကို ငွေကြေးအခက်အခဲဖြစ်ပေါ်စေခဲ့သည်။

၇။ အခြေခံအဆောက်အဦးညှိနှိုင်းမှုဆိုင်ရာချေးငွေကိုထုတ်ချေးမည်ဟု ကမ္ဘာ့ဘဏ်က ဆုံးဖြတ်ခဲ့သည်။ ထိုအစီအစဉ်တွင် ငွေဖောင်းပွမှုလျှော့ချရန်၊ ထုတ်ကုန်နှင့် ရင်းနှီးမြုပ်နှံမှုတိုးမြှင့်ရန်၊ ငွေလဲနှုန်းပြောင်းလဲပေးရန်နှင့် သယံဇာတများကို အစိုးရက အသုံးချပုံနည်းလမ်းများကို ပြောင်းလဲရန်စသည်တို့ပါဝင်သည်။ ထိုနည်းလမ်းများ သည် အထက်ပါမူဝါဒချမှတ်အကောင်အထည်ဖော်ရန် လွယ်ကူသော နိုင်ငံများတွင် အလုပ်ဖြစ်ခဲ့သည်။

၈။ သို့သော် အချို့နိုင်ငံများ ၊ အထူးသဖြင့် အာဖရိကတိုက်ရှိနိုင်ငံများတွင် ငွေကြေး ဖောင်းပွမှုမှာ ပိုမိုဆိုးရွားလာခဲ့သည်။ ဆင်းရဲမှုတိုက်ဖျက်ရေးမှာ ထိုအမျိုးအစား ချေးငွေ အကူအညီတွင် မပါဝင်ခဲ့ပေ။ ထို့ကြောင့် အစိုးရက ငွေသုံးမှုကို လျှော့ချ လာခြင်းနှင့် စားကုန်များဈေးနှုန်းတက်လာခြင်းသည် ဆင်းရဲသူများကို ပို၍ဆင်းရဲ တွင်းနက်လာစေခဲ့သည်။

၉။ ၁၉၈၀ နှောင်းပိုင်းနှစ်များတွင် ထိုအခြေခံအဆောက်အဦး ညှိနှိုင်းမှုဆိုင်ရာ ချေးငွေသည် ဆင်းရဲသားများ၏ ဘဝကိုပိုမိုနိုပ်စက်သကဲ့သို့ဖြစ်လာသည်ကို သတိပြုမိလာခဲ့သည်။ ထို့နောက် ကမ္ဘာ့ဘဏ်က ထိုချေးငွေကို ပြောင်းလဲခဲ့သည်။ ၁၉၉၉ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့်အပြည်ပြည်ဆိုင်ရာငွေကြေးရံပုံငွေအဖွဲ့သည် အခြေခံ အဆောက်အဦး ညှိနှိုင်းမှုဆိုင်ရာချေးငွေအစီအစဉ်ကို **ဆင်းရဲမွဲတေမှုလျှော့ချရေး နည်းဗျူဟာ**ဖြင့် အစားထိုးခဲ့သည်။ သို့သော် လူအများက ထိုဗျူဟာသည်လည်း နည်းလမ်းဟောင်းအတိုင်းသာဖြစ်လိမ့်မည်ဟု ပြောကြသည်။ မည်သည့်နည်းလမ်းကမှ ဆင်းရဲလွန်းသောနိုင်ငံများကို ကယ်တင်နိုင်လိမ့်မည်မဟုတ်ဟုလည်း ဆိုကြသည်။ ချေးငွေရယူခြင်းအားဖြင့် နိုင်ငံတစ်နိုင်ငံသည် ၎င်း၏စီးပွားရေးလည်ပတ်မှုတွင် ကမ္ဘာ့ဘဏ်၏ ဝင်ရောက်စွက်ဖက်မှုခံရသည်ဟု ထင်မြင်ကြသည်။

## ဆင်းရဲမွဲတေမှုလျှော့ချရေးဗျူဟာ

၁၀။ အဆင်းရဲဆုံးသောဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ဘဏ်သည် ဆင်းရဲမွဲတေမှု လျော့နည်းစေရေးနည်းဗျူဟာတစ်ရပ်ကို ချမှတ်ထားသည်။ ကမ္ဘာ့ဘဏ်သည် အသင့် တော်ဆုံးသော နည်းဗျူဟာရရှိနိုင်ရန် နိုင်ငံသားများ၏ အကျိုးနှင့် လိုလားချက်များကို အထူးဂရုပြုကြည့်ရှုလေ့လာသည်။ ထို့နောက် အစိုးရက သဘောတူသောအခါ ဘဏ်က အကောင်အထည်ဖေါ်သည်။

၁၁။ နိုင်ငံပေါင်း ၄၅ နိုင်ငံက ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများအတွက် အမေရိကန် ဒေါ်လာ ၂၅.၁ဘီလျံကို ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးမှုအသင်းသို့

ပေးလျှုခဲ့သည်။ ထို့နောက် ၎င်းအသင်းမှ နိုင်ငံပေါင်း (၈၀)ကို ပြန်လည် ကူညီပေးလျှုနိုင်ခဲ့သည်။ ကမ္ဘာ့ဘဏ် ဥက္ကဋ္ဌရောဘတ်ဇူဝဲလ်လစ်ကအလှူငွေများသည် ထိုနိုင်ငံများက အားအထားဆုံး ဖြစ်သည်ဟု အတည်ပြုပေးခဲ့သည်။

## မြန်မာနှင့်ကမ္ဘာ့ဘဏ်

၁၂။ ၂၀၁၂-ခုနှစ်၊ ဖေဖော်ဝါရီလ(၂၂)ရက်နေ့တွင် မြန်မာနိုင်ငံအနေဖြင့် ယူထားသော အကြွေးများကိုပြန်ဆပ်ရန် ကမ္ဘာ့ဘဏ်မှ သတိပေးပြောကြားလိုက်ပါသည်။ အကြွေးများ ပြန်ဆပ်မှသာ ကမ္ဘာ့ဘဏ်၏ ဘဏ္ဍာရေးအကူအညီ၊ အထောက်အပံ့၊ ချေးငွေအသစ်များ မြန်မာနိုင်ငံက ထပ်ရနိုင်မည်ဖြစ်သည်။ ကမ္ဘာ့ဘဏ်သည် မည်သည့်ကြွေးကျန်နိုင်ငံကိုမဆို ရန်ပုံငွေထောက်ပံ့ခွင့်မပြုရသည့် စည်းမျဉ်း စည်းကမ်း သတ်မှတ်ထားပါသည်။ ထို့ကြောင့် ၂၀၀၈ခုနှစ်က မြန်မာနိုင်ငံမှာ နာဂစ်မုန်တိုင်းဒဏ်ခံလိုက်ရစဉ်က ကမ္ဘာ့ဘဏ်အနေနှင့် ချေးငွေပေး၍မရခဲ့ပေ။

### နှစ်အလိုက်မြန်မာနိုင်ငံအားကမ္ဘာ့ဘဏ်မှချေးငွေပမာဏ



## Ms. Sri MulyaniIndrawati ၏ကိုယ်ရေးအကျဉ်း

၁၃။ ကမ္ဘာ့ဘဏ်၏ဦးဆောင်ညွှန်ကြားရေးမှူးနှင့် လုပ်ငန်းဆိုင်ရာအရာရှိချုပ် **Ms.Sri MulyaniIndrawati** သည် ကမ္ဘာ့ဘဏ်၏ကမ္ဘာလုံးဆိုင်ရာလုပ်ငန်းများကို လုပ်ဆောင်ရသူဖြစ်သည်။ ၂၀၁၀ခုနှစ်တွင် ၎င်းရာထူးကို ခန့်အပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းကို ၁၉၆၂ခုနှစ်၊ ဩဂုတ်လ ၂၆ရက်နေ့တွင် မွေးဖွားခဲ့ပြီး ၁၉၈၆ခုနှစ်တွင် Universitas of Indonesiaမှ စီးပွားရေးဘွဲ့ရခဲ့ပြီး ၁၉၉၂ခုနှစ်တွင် University of Illinoes at Urbana-Champaignမှ စီးပွားရေးဆိုင်ရာ မဟာဘွဲ့နှင့်ပါရဂူဘွဲ့ ရရှိခဲ့သည်။



၁၄။ Georgia State တက္ကသိုလ်တွင် အင်ဒိုနီးရှားစီးပွားရေးသင်ကြားရာတွင် ဧည့်ပါမောက္ခအဖြစ် ထမ်းဆောင်ခဲ့သည်။ အရှေ့တောင်အာရှတွင် ၁၂နိုင်ငံကိုယ်စားပြုသော နိုင်ငံတကာငွေကြေးရံပုံငွေဘုတ်အဖွဲ့တွင် အမှုဆောင်အရာရှိချုပ်အဖြစ်လည်း ၂၀၀၂ခုနှစ်မှ ၂၀၀၄ခုနှစ်ထိ တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းအပြင် သမ္မတ Susilo Bambang Yudhoyono က သူမအား အင်ဒိုနီးရှားနိုင်ငံ ဘဏ္ဍာရေးဝန်ကြီးအဖြစ် ခန့်အပ်ခဲ့သည်။ ၎င်းတာဝန်ကို ၂၀၀၅ခုနှစ်မှ၂၀၁၀ခုနှစ်ထိ ထမ်းဆောင်ခဲ့သည်။

၁၅။ ၂၀၀၆ခုနှစ်တွင် ယူရိုငွေကြေးမဂ္ဂဇင်းမှ သူမအား Euromoney Finance Minister of the Year အဖြစ် ဖော်ပြခဲ့သည်။ ၂၀၀၈ခုနှစ် ဩဂုတ်လတွင် *Forbes* မဂ္ဂဇင်းမှလည်း ကမ္ဘာပေါ်တွင် ၂၃ယောက်မြောက်နှင့် အင်ဒိုနီးရှားနိုင်ငံတွင် အလွှမ်းမိုးနိုင်ဆုံးအမျိုးသမီးအဖြစ် သတ်မှတ်ခဲ့သည်။